## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံတင်ပြချက်

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၀ ပါ ဘဏ္ဍာရေးကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနယ်မြေအသုံးစရိတ်များ ပါရှိသော ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေဖြည့်ဆည်းပေးမှုနှင့် ထောက်ပံ့မှုများ အပါအဝင် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ထောက်ခံတင်ပြရန် ၂၀၂၀ ပြည့်နှစ် ဇွန်လ(၂၂)ရက်နေ့တွင် ကျင်းပသော ဘဏ္ဍာရေးကော်မရှင် (၂/၂၀၂၀) ကြိမ်မြောက်အစည်းအဝေးက အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

### ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း

၂။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးခြင်းနှင့် ထောက်ပံ့ပေးခြင်းများအပါအဝင် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | ပြည်ထောင်စု |
|---|---|---|
| **(က)** | **ရငွေများ** | **၂၇,၈၅၁ . ၉၀၃** |
| | (၁) သာမန် | ၂၂,၅၁၁ . ၆၄၈ |
| | (၂) ငွေလုံးငွေရင်း | ၉၀၆ . ၃၇၉ |
| | (၃) ကြွေးမြီ | ၄,၄၃၃ . ၈၇၆ |
| **(ခ)** | **သုံးငွေများ** | **၃၄,၆၅၂ . ၃၉၃** |
| | (၁) သာမန် | ၂၅,၅၈၃ . ၀၀၃ |
| | (၂) ငွေလုံးငွေရင်း | ၇,၈၈၉ . ၄၄၆ |
| | (၃) ကြွေးမြီ | ၁,၁၇၉ . ၉၄၄ |
| (ဂ) | ပိုငွေ(+) /လိုငွေ(-) | (-) ၆,၈၀၀ . ၄၉၀ |
| **(ဃ)** | **ဂျီဒီပီတန်ဖိုး** | **၁၂၅,၈၀၃ . ၅၈၃** |
| **(င)** | **လိုငွေနှင့်ဂျီဒီပီအချိုး** | **၅ . ၄၁ %** |

၃။ ပြည်ထောင်စုအဆင့်ဌာန၊အဖွဲ့အစည်းများ၏ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေတို့၏ ယမန်နှစ် ရှေ့ပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ရှေ့ပြေးအမှန် စာရင်း | ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | တိုး(+)/ လျော့(-) |
|---|---|---|---|---|
| (က) | သာမန်ရငွေ | ၁၉,၉၂၈ . ၇၂၆ | ၂၂,၅၁၁ . ၆၄၈ | (+) ၂,၅၈၂ . ၉၂၂ |
| (ခ) | ငွေလုံးငွေရင်းရငွေ | ၂၀၉ . ၈၆၀ | ၉၀၆ . ၃၇၉ | (+)၆၉၆ . ၅၁၉ |
| (ဂ) | ကြွေးမြီရငွေ | ၁,၄၀၅ . ၉၄၅ | ၄,၄၃၃ . ၈၇၆ | (+) ၃,၀၂၇ . ၉၃၁ |
| | **စုစုပေါင်း** | **၂၁,၅၄၄ . ၅၃၁** | **၂၇,၈၅၁ . ၉၀၃** | **(+) ၆,၃၀၇ . ၃၇၂** |

၄။ ပြည်ထောင်စုအဆင့်ဌာန၊အဖွဲ့အစည်းများ၏ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်တို့၏ ယမန်နှစ် ရှေ့ပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ရှေ့ပြေးအမှန် စာရင်း | ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | တိုး(+)/ လျော့(-) |
|---|---|---|---|---|
| (က) | သာမန်အသုံးစရိတ် | ၁၈,၅၇၃ . ၄၂၅ | ၂၅,၅၈၃ . ၀၀၃ | (+) ၇,၀၀၉ . ၅၇၈ |
| (ခ) | ငွေလုံးငွေရင်းအသုံးစရိတ် | ၅,၂၃၉ . ၈၈၆ | ၇,၈၈၉ . ၄၄၆ | (+) ၂,၆၄၉ . ၅၆၀ |
| (ဂ) | ကြွေးမြီအသုံးစရိတ် | ၉၃၁ . ၈၂၃ | ၁,၁၇၉ . ၉၄၄ | (+) ၂၄၈ . ၁၂၁ |
| | **စုစုပေါင်း** | **၂၄,၇၄၅ . ၁၃၄** | **၃၄,၆၅၂ . ၃၉၃** | **(+) ၉,၉၀၇ . ၂၅၉** |

၅။ ပြည်ထောင်စုအဆင့်ဌာန၊အဖွဲ့အစည်းများ၏ စုစုပေါင်းရငွေ၊ စုစုပေါင်း အသုံးစရိတ်နှင့် လိုငွေတို့၏ ယမန်နှစ် ရှေ့ပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ရှေ့ပြေးအမှန်စာရင်း | ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | တိုး(+)/ လျော့(-) |
|---|---|---|---|
| စုစုပေါင်းရငွေ | ၂၁,၅၄၄ . ၅၃၁ | ၂၇,၈၅၁ . ၉၀၃ | (+) ၆,၃၀၇ . ၃၇၂ |
| စုစုပေါင်းအသုံးစရိတ် | ၂၄,၇၄၅ . ၁၃၄ | ၃၄,၆၅၂ . ၃၉၃ | (+) ၉,၉၀၇ . ၂၅၉ |
| ပိုငွေ(+) /လိုငွေ(-) | (-) ၃,၂၀၀ . ၆၀၃ | (-)၆,၈၀၀ . ၄၉၀ | (+) ၃,၅၉၉ . ၈၈၇ |
| ဂျီဒီပီတန်ဖိုး | ၁၀၅,၂၅၈ . ၅၀၀ | ၁၂၅,၈၀၃ . ၅၈၃ | |
| လိုငွေနှင့်ဂျီဒီပီအချိုး | ၃ . ၀၄% | ၅ . ၄၁ % | |

၆။ ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးငွေတို့ဖြင့် သုံးစွဲရန်လျာထားသည့် မြန်မာကျပ်ငွေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း |
|---|---|---|---|---|---|
| (က) | ပြည်ပအကူအညီ ရငွေဖြင့်သုံးစွဲမည့်ငွေ | ၂၁၆ . ၇၁၁ | ၉၀၄ . ၆၇၈ | ၀ . ၉၃၈ | ၁,၁၂၂ . ၃၂၇ |
| (ခ) | ပြည်ပချေးငွေဖြင့် သုံးစွဲမည့်ငွေ | ၁,၆၅၇ . ၀၈၇ | ၂,၃၅၂ . ၅၁၅ | ၂၃ . ၈၇၇ | ၄,၀၃၃ . ၄၇၉ |
| | **စုစုပေါင်း** | **၁,၈၇၃ . ၇၉၈** | **၃,၂၅၇ . ၁၉၃** | **၂၄ . ၈၁၅** | **၅,၁၅၅ . ၈၀၆** |

၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လျာထားသော ပြည်ပအကူအညီရငွေမှာ အမေရိကန်ဒေါ်လာတန်ဖိုးဖြင့် ၀ . ၇၃၆ ဘီလီယံဖြစ်ပြီး ပြည်ပချေးယူရငွေမှာ အမေရိကန်ဒေါ်လာတန်ဖိုးဖြင့် ၂ . ၆၅၄ ဘီလီယံ ဖြစ်ပါသည်။

၇။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ လိုငွေကျပ် ၂,၃၈၀ . ၈၄၃ ဘီလီယံ ကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်းပေးရန် လျာထား

ပါသည်။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပုဂ္ဂလိကကဏ္ဍနှင့် သမဝါယမကဏ္ဍတို့မှ (သွင်းကုန်များအပေါ် ကောက်ခံရရှိသည့်ငွေများမပါ) ကျပ်ငွေဖြင့် ကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန်၏ ၁၅%၊ အထူးကုန်စည်ခွန်၏ ၁၅%၊ ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကောက်ခံရရှိသည့် ဝင်ငွေခွန်၏ ၅% နှင့် တံဆိပ်ခေါင်းခွန်၏ ၂% ၊ စုစုပေါင်း ကျပ် ၃၆၉ . ၂၆၀ ဘီလီယံကို အခွန်ဝေစုအဖြစ် ခွဲဝေပေးခဲ့ပါသည်။

၈။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်က မြို့နယ်ကိုအခြေခံ၍ ခွဲဝေသတ်မှတ်သည့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်သုံးစွဲရန် ကျပ် ၃၁ . ၇၀၀ ဘီလီယံကို အထူးကိစ္စများအတွက် ထောက်ပံ့မှုအဖြစ် သတ်မှတ်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ လွှဲပြောင်းပေးရန် ထည့်သွင်းလျာထားပါသည်။

၉။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ နောင်ရေးအတွက် စိတ်အေးရစေရန်နှင့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲမှုအခြေအနေကို ရေရှည်တည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်စေရန်အတွက် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ အကောင်အထည်ဖော်မည့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေအတွက် နိုင်ငံတော်က စတင်မတည်ငွေ ကျပ် ၁၀၀ ဘီလီယံ နှင့် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေအရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေအတွက် ကျပ် ၃ ဘီလီယံ ကိုလည်း ထည့်သွင်းလျာထားပါသည်။

၁၀။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် အရေးပေါ်ရန်ပုံငွေကို ပြည်ထောင်စု စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနတွင် ကျပ် ၁၀၀ ဘီလီယံ၊ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စု ဝန်ကြီးဌာနများတွင် ကျပ် ၃၆ ဘီလီယံ၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျပ် ၁၄ ဘီလီယံ ခွဲဝေလျာထားပါသည်။

၁၁။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် စပ်လျဉ်း၍ ကောက်နုတ်တင်ပြချက်များကို **နောက်ဆက်တွဲ(က)** ဖြင့် ဖော်ပြပါသည်။

၁၂။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေကြောင်းအရ သဘောထားမှတ်ချက်ရယူပြီး ဖြစ်ပါသည်။

၁၃။ သို့ဖြစ်ပါ၍ ဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စုနယ်မြေ အသုံးစရိတ်များ ပါရှိသော ၂၀၂၀-၂၀၂၁ ခု ၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများ ခွင့်ပြုခြင်းအပါအဝင် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ထောက်ခံ တင်ပြအပ်ပါသည်။

# ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်
# ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍
# ကောက်နုတ်တင်ပြချက်

## ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ ရငွေအခြေအနေ

၁။ နှစ်အလိုက် တိုးတက်လာသည့် ရငွေအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | ရငွေ | တိုးတက်မှု ပမာဏ | တိုးတက်မှု နှုန်း |
|---|---|---|---|
| ၂၀၁၁-၂၀၁၂(အမှန်) | ၆,၄၅၃ . ၆၅၈ | | |
| ၂၀၁၂-၂၀၁၃(အမှန်) | ၁၂,၁၅၄ . ၈၄၇ | ၅,၇၀၁ . ၁၈၉ | ၈၈ . ၃၄% |
| ၂၀၁၃-၂၀၁၄(အမှန်) | ၁၄,၂၀၄ . ၃၃၃ | ၂,၀၄၉ . ၄၈၆ | ၁၆ . ၈၆% |
| ၂၀၁၄-၂၀၁၅ (အမှန်) | ၁၆,၈၀၈ . ၆၅၁ | ၂,၆၀၄ . ၃၁၈ | ၁၈ . ၃၃% |
| ၂၀၁၅-၂၀၁၆(အမှန်) | ၁၆,၅၉၈ . ၉၅၅ | (-) ၂၀၉ . ၆၉၆ | (-) ၁ . ၂၅% |
| ၂၀၁၆-၂၀၁၇ (အမှန်) | ၁၆,၉၆၉ . ၆၇၅ | ၃၇၀ . ၇၂၀ | ၂ . ၂၃% |
| ၂၀၁၇-၂၀၁၈ (အမှန်) | ၁၇,၈၁၁ . ၅၃၀ | ၈၄၁ . ၈၅၅ | ၄ . ၉၆% |
| ၂၀၁၈-၂၀၁၉ (ရွှေ့ပြေးအမှန်) | ၂၁,၅၄၄ . ၅၃၁ | ၃,၇၃၃ . ၀၀၁ | ၂၀ . ၉၆% |
| ၂၀၁၉-၂၀၂၀(ပြုပြင်ပြီးခန့်မှန်းခြေ) | ၂၇,၂၂၂ . ၈၀၉ | ၅,၆၇၈ . ၂၇၈ | ၂၆ . ၃၆% |
| ၂၀၂၀-၂၀၂၁(မူလခန့်မှန်းခြေ) | ၂၇,၈၅၁ . ၉၀၃ | ၆၂၉ . ၀၉၄ | ၂ . ၃၁% |

## ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ သုံးငွေအခြေအနေ

၂။ နှစ်အလိုက်တိုးတက်လာသည့် သုံးငွေအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | သုံးငွေ | တိုးတက်မှု ပမာဏ | တိုးတက်မှု နှုန်း |
|---|---|---|---|
| ၂၀၁၁-၂၀၁၂(အမှန်) | ၈,၀၈၃ . ၃၀၄ | | |
| ၂၀၁၂-၂၀၁၃(အမှန်) | ၁၃,၄၀၅ . ၆၀၂ | ၅,၃၂၂ . ၂၉၈ | ၆၅ . ၈၄% |
| ၂၀၁၃-၂၀၁၄(အမှန်) | ၁၄,၉၁၀ . ၃၉၃ | ၁,၅၀၄ . ၇၉၁ | ၁၁ . ၂၃% |
| ၂၀၁၄-၂၀၁၅ (အမှန်) | ၁၇,၆၀၀ . ၆၀၇ | ၂,၆၉၀ . ၂၁၄ | ၁၈ . ၀၄% |

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | သုံးငွေ | တိုးတက်မှု | |
|---|---|---|---|
| | | ပမာဏ | နှုန်း |
| ၂၀၁၅-၂၀၁၆(အမှန်) | ၁၉,၆၅၃ . ၇၁၄ | ၂,၀၅၃ . ၁၀၇ | ၁၁ . ၆၆% |
| ၂၀၁၆-၂၀၁၇ (အမှန်) | ၁၈,၉၄၀ . ၇၆၅ | (-)၇၁၂ . ၉၄၉ | (-) ၃ . ၆၃% |
| ၂၀၁၇-၂၀၁၈ (အမှန်) | ၂၀,၁၈၂ . ၀၉၀ | ၁,၂၄၁ . ၃၂၅ | ၆ . ၅၅% |
| ၂၀၁၈-၂၀၁၉ (ရွေ့ပြေးအမှန်) | ၂၄,၇၄၅ . ၁၃၄ | ၄,၅၆၃ . ၀၄၄ | ၂၂ . ၆၁% |
| ၂၀၁၉-၂၀၂၀ (ပြုပြင်ပြီးခန့်မှန်းခြေ) | ၃၃,၇၁၈ . ၆၅၂ | ၈,၉၇၃ . ၅၁၈ | ၃၆ . ၂၆% |
| ၂၀၂၀-၂၀၂၁ (မူလခန့်မှန်းခြေ) | ၃၄,၆၅၂ . ၃၉၃ | ၉၃၃ . ၇၄၁ | ၂ . ၇၇% |

**၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ လိုငွေအခြေအနေ**

၃။ နှစ်အလိုက်ဖြစ်ပေါ်သည့် လိုငွေ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | လိုငွေပမာဏ | လိုငွေနှင့်ဂျီဒီပီအချိုး |
|---|---|---|
| ၂၀၁၁-၂၀၁၂(အမှန်) | ၁,၆၂၉ . ၆၄၆ | ၃ . ၅၀% |
| ၂၀၁၂-၂၀၁၃(အမှန်) | ၁,၂၅၀ . ၇၅၅ | ၂ . ၄၄% |
| ၂၀၁၃-၂၀၁၄(အမှန်) | ၇၀၆ . ၀၆၀ | ၁ . ၁၉% |
| ၂၀၁၄-၂၀၁၅ (အမှန်) | ၇၉၁ . ၉၅၆ | ၁ . ၂၀% |
| ၂၀၁၅-၂၀၁၆(အမှန်) | ၃,၀၅၄ . ၇၅၉ | ၄ . ၂၀% |
| ၂၀၁၆-၂၀၁၇ (အမှန်) | ၁,၉၇၁ . ၀၉၀ | ၂ . ၄၃% |
| ၂၀၁၇-၂၀၁၈ (အမှန်) | ၂,၃၇၀ . ၅၆၀ | ၂ . ၆၀% |
| ၂၀၁၈-၂၀၁၉ (ရွေ့ပြေးအမှန်) | ၃,၂၀၀ . ၆၀၃ | ၃ . ၀၄% |
| ၂၀၁၉-၂၀၂၀ (ပြုပြင်ပြီးခန့်မှန်းခြေ) | ၆,၄၉၅ . ၈၄၃ | ၅ . ၄၆% |
| ၂၀၂၀-၂၀၂၁ (မူလခန့်မှန်းခြေ) | ၆,၈၀၀ . ၄၉၀ | ၅ . ၄၁% |

**၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြည့်ဆည်းခြင်း၊ ထောက်ပံ့ခြင်း အခြေအနေ**

၄။ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | လိုငွေအတွက် ဖြည့်ဆည်း ပေးခြင်း | အထူးကိစ္စအတွက် ထောက်ပံ့ပေးခြင်း | စုစုပေါင်း |
|---|---|---|---|
| ၂၀၁၁-၂၀၁၂(အမှန်) | ၁၆၀ . ၂၀၁ | | ၁၆၀ . ၂၀၁ |
| ၂၀၁၂-၂၀၁၃(အမှန်) | ၄၃၇ . ၀၃၈ | ၁၆ . ၀၀၀ | ၄၅၃ . ၀၃၈ |
| ၂၀၁၃-၂၀၁၄(အမှန်) | ၄၉၈ . ၂၈၀ | ၁၄ . ၀၀၀ | ၅၁၂ . ၂၈၀ |
| ၂၀၁၄-၂၀၁၅ (အမှန်) | ၁,၄၇၇ . ၈၂၀ | ၈၁ . ၅၉၉ | ၁,၅၅၉ . ၄၁၉ |
| ၂၀၁၅-၂၀၁၆(အမှန်) | ၁,၅၉၁ . ၈၄၀ | ၁၁၅ . ၂၉၃ | ၁,၇၀၇ . ၁၃၃ |
| ၂၀၁၆-၂၀၁၇ (အမှန်) | ၁,၆၂၇ . ၇၀၈ | ၃၁ . ၆၃၂ | ၁,၆၅၉ . ၃၄၀ |
| ၂၀၁၇-၂၀၁၈ (အမှန်) | ၁,၅၆၈ . ၁၈၈ | ၃၁ . ၇၀၀ | ၁,၅၉၉ . ၈၈၈ |
| ၂၀၁၈-၂၀၁၉ (ရှေ့ပြေးအမှန်) | ၁,၈၇၂ . ၅၉၉ | ၃၁ . ၆၆၃ | ၁,၉၀၄ . ၂၆၂ |
| ၂၀၁၉-၂၀၂၀ (ပြုပြင်ပြီးခန့်မှန်းခြေ) | ၂,၁၇၃ . ၉၀၄ | ၃၁ . ၇၀၀ | ၂,၂၀၅ . ၆၀၄ |
| ၂၀၂၀-၂၀၂၁ (မူလခန့်မှန်းခြေ) | ၂,၃၈၀ . ၈၄၃ | ၃၁ . ၇၀၀ | ၂,၄၁၂ . ၅၄၃ |

မှတ်ချက်။ လိုငွေအတွက် ဖြည့်ဆည်းပေးခြင်းမှာ တိုင်းဒေသကြီး/ပြည်နယ်များ၏ သုံးငွေက ရငွေထက် ပိုမိုသဖြင့် ဖြစ်ပေါ်လာသော လိုငွေအတွက် ဖြည့်ဆည်းပေးခြင်း ဖြစ်ပါသည်။

## တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေဖြည့်ဆည်းခြင်း

၅။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ ပြည်နယ်များအတွက် ဘဏ္ဍာရေးကော်မရှင်က အတည်ပြုလျာထားသော လိုငွေဖြည့်ဆည်းပေးမည့် အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| တိုင်းဒေသကြီး/ပြည်နယ် | လိုငွေဖြည့်ဆည်းပေးခြင်း |
|---|---|
| ကချင်ပြည်နယ် | ၁၉၄ . ၉၃၅ |
| ကယားပြည်နယ် | ၇၉ . ၉၄၄ |
| ကရင်ပြည်နယ် | ၁၁၆ . ၈၆၈ |
| ချင်းပြည်နယ် | ၁၇၅ . ၂၆၇ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၂၃၂ . ၇၉၄ |
| တနင်္သာရီတိုင်းဒေသကြီး | ၁၇၁ . ၂၇၆ |
| ပဲခူးတိုင်းဒေသကြီး | ၁၆၅ . ၈၂၁ |
| မကွေးတိုင်းဒေသကြီး | ၂၀၅ . ၀၁၈ |
| မန္တလေးတိုင်းဒေသကြီး | ၁၅၀ . ၂၈၆ |
| မွန်ပြည်နယ် | ၁၁၁ . ၈၅၂ |
| ရခိုင်ပြည်နယ် | ၁၉၄ . ၁၄၂ |
| ရန်ကုန်တိုင်းဒေသကြီး | ၁၃၇ . ၇၉၄ |
| ရှမ်းပြည်နယ် | ၂၈၂ . ၀၄၅ |
| ဧရာဝတီတိုင်းဒေသကြီး | ၁၆၂ . ၈၀၁ |
| ပေါင်း | ၂,၃၈၀ . ၈၄၃ |

**ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ခွဲဝေပေးမည့် အခွန်ဝေစုလျာထားချက်**

၆။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ခွဲဝေပေးမည့် အခွန်ဝေစုလျာထားချက် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| တိုင်းဒေသကြီး/ပြည်နယ် | အခွန်ဝေစုလျာထားချက် |
|---|---|
| ကချင်ပြည်နယ် | ၇ . ၇၀၆ |
| ကယားပြည်နယ် | ၄ . ၉၈၉ |
| ကရင်ပြည်နယ် | ၆ . ၄၀၈ |
| ချင်းပြည်နယ် | ၆ . ၄၉၆ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၉ . ၀၈၃ |
| တနင်္သာရီတိုင်းဒေသကြီး | ၅ . ၃၆၁ |
| ပဲခူးတိုင်းဒေသကြီး | ၈ . ၁၇၈ |
| မကွေးတိုင်းဒေသကြီး | ၇ . ၇၆၅ |
| မန္တလေးတိုင်းဒေသကြီး | ၂၇ . ၄၃၆ |
| မွန်ပြည်နယ် | ၅ . ၃၃၉ |
| ရခိုင်ပြည်နယ် | ၈ . ၁၃၁ |
| ရန်ကုန်တိုင်းဒေသကြီး | ၂၄၈ . ၁၄၆ |
| ရှမ်းပြည်နယ် | ၁၅ . ၀၂၂ |
| ဧရာဝတီတိုင်းဒေသကြီး | ၉ . ၂၀၀ |
| ပေါင်း | ၃၆၉ . ၂၆၀ |